**CHIN NATIONAL FRONT**
**General Headquarters**
**Chinland**
**Website:** chinland.org **Email:** cnf.headquarters@gmail.com

# ချင်းပြည်၊ ပလက်ဝမြို့နယ်တွင် စစ်ဘေးဒုက္ခခံစားနေရသည့် ပြည်သူများနှင့်ပတ်သက်၍ သဘောထားထုတ်ပြန်ချက်

၁။ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ (၃၁) ရက်မှ စတင်၍ ဖြစ်ပွားသော မြန်မာ့တပ်မတော် နှင့် ရက္ခိုင့်တပ်မတော် တို့၏ တိုက်ပွဲများကြောင့် အရပ်သားသေဆုံးမှုများရှိခဲ့ပြီး ကလေးသူငယ် (၂၀၀) ကျော် အပါအဝင် အရပ်သား (၃၀၀) ကျော် စစ်ဘေးရှောင်နေရပါသည်။

၂။ ပြည်သူလူထု၏ လူမှုဘဝလုံခြုံရေး နှင့် အရပ်သားများ အကာအကွယ်ပေးခြင်းကို မည်သည့်အခြေအနေတွင်မဆို မြန်မာ့တပ်မတော် နှင့် ရက္ခိုင့်တပ်မတော် တို့မှ အပြည့်အဝ လုပ်ဆောင်ရမည် ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

၃။ ချင်းအမျိုးသားတပ်ဦး (CNF) နှင့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC) တို့၏ ဒုတိယအကြိမ် ပြည်ထောင်စုအဆင့် အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ် (၈ - ၇) တွင် "ချင်းပြည်နယ်အတွင်း မြန်မာ့တပ်မတော်၊ အစိုးရလက်နက်ကိုင်အဖွဲ့အစည်းများ နှင့် ချင်းအမျိုးသားတပ်မတော်တို့သာ နေရာချထားခွင့်ပြုရန် သဘောတူသည်" ဟူ၍ အတိအလင်း ဖော်ပြထားပါသည်။

၄။ ချင်းအမျိုးသားတပ်ဦးအနေဖြင့် ချင်းပြည်အတွင်းရှိ ပြည်သူများလုံခြုံရေး နှင့် အရပ်သားများကို အကာအကွယ်ပေးရေးအတွက် လုပ်ဆောင်သွားပါမည်။

၅။ ချင်းအမျိုးသားတပ်ဦးသည် ယခုကဲ့သို့ အရပ်သားများ သေဆုံးမှုအတွက် မိသားစုဝင်များနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်၊ ပြည်သူများ စစ်ဘေးရှောင်နေရမှုအတွက် အထူး စိုးရိမ်ပါသည်။ ယင်းသည် ပလက်ဝမြို့နယ်၏ ပြဿနာသာမဟုတ်ဘဲ ချင်းပြည် နှင့် ချင်းလူမျိုးတစ်ရပ်လုံး၏ ပြဿနာ ဖြစ်သည်။ သို့ဖြစ်ပါ၍ ကျန်ရစ်သူမိသားစုများ၊ ဒဏ်ရာရရှိသူများ နှင့် စစ်ဘေးရှောင်များ အတွက် ပြည်တွင်း၊ ပြည်ပမှ ချင်းအမျိုးသားများအားလုံး ဝိုင်းဝန်းပံ့ပိုးကူညီကြပါရန် အလေးအနက် တိုက်တွန်းလိုက်သည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ (၁၅) ရက်

ဆက်သွယ်ရန်

- Salai Thla Hei (ဆလိုင်း ထလာဟေး)၊ အထွေထွေအတွင်းရေးမှူး +66 095 792 9372